ကာယအကြည်ကား သုဓမ္မာ ဟုတ်ကဲ့လား။ သုနန္ဒာ ဟုတ်ကဲ့လား။ သုစိတ္တာ ဟုတ်ကဲ့လား။ သုဇာတာ ဟုတ်ကဲ့လား။ ပူမှု အေးမှုကား သုဓမ္မာ ဟုတ်ကဲ့လား။ သုနန္ဒာ ဟုတ်ကဲ့လား။ သုစိတ္တာ ဟုတ်ကဲ့လား။ သုဇာတာ ဟုတ်ကဲ့လား။ ခန္ဓာဖွဲ့ ကြည့်တော့ ရူပက္ခန္ဓာမရလား။ နာမက္ခန္ဓာ လေးပါးနဲ့ ရူပက္ခန္ဓာပေါင်း။ ခန္ဓာ ငါးပါး။ ကဲ သုဓမ္မာ တွေ့သလား ခန္ဓာ ငါးပါး။ သုနန္ဒာ တွေ့သလား ခန္ဓာ ငါးပါး။ သုစိတ္တာ တွေ့သလား ခန္ဓာ ငါးပါး။ သုဇာတာ တွေ့သလား ခန္ဓာ ငါးပါး။ ခန္ဓာပဲ တွေ့တယ်နော်။ ကဲ ကိုယ်ထင်တာတွေ တွေ့သေးရဲ့လား။ ဘာဖြစ်လို့ မတွေ့တာလဲ။ ဟော ကဲ မရှိဘူး ဆိုတာ ခန္ဓာ ငါးပါးက သက်သေ မခံလား။ အဲလို စိစစ်ဖို့ မကောင်းလားဟေ့။ အဲဒီမှာ သုဓမ္မာ၊သုနန္ဒာ၊သုစိတ္တာ၊သုဇာတာ သောတာပန် တည်တယ်။ ကြားလား။ မာယလှလင်နှင့် တကွနော်။ သောတာပန် မဖြစ်ဘူးလားဟေ့။ ဘယ်လောက်များ ။

သုဇာတာကို ပြန်ကြည့်ကွဲ့။ ဟိုတချိန်တုန်းက သူတို့ အကြီး သုံးယောက်က မြို့တွေမှာ ဖြစ်စေ ရွာတွေမှာ ဖြစ်စေ သန့်ရှင်းရေး လုပ်တယ်။ ကျောင်းကန်ဘုရားကို သန့်ရှင်းရေး လုပ်တယ်။ အဲဒါ မိမိက လမ်းပန်းဆက်သွယ်ရေး မကောင်းတဲ့နေရာ ပြုပြင်တယ်။ သုဇာတာက အလှပြင်လို့ပဲ နေတာနော်။ ကဲ အဲဒီစိတ်နဲ့ သေသွားတဲ့ ကိစ္စ ဟော ဗျိုင်းကလေး သွား မဖြစ်ဘူးလား။ မာယ လှလင်သာ မကယ်ဘူး ဆိုရင် အပါယ်ကျတော့မှာ ငရဲကို ရောက်တော့မှာ ကြားလား။ ငရဲကို မရောက်ပေဘူးလား။ ငရဲ ရောက်ခါ ငရဲသက်ကစေ့လို့ ကဲ ပြန်ပြီးတော့မှ ငရဲက လွတ်သည်ထား တိရစ္ဆာန် ဖြစ်မှာပေါ့။ တိရစ္ဆာန် ဖြစ်ရင် နိုင်ရာစားပေါ့နော်။ နိုင်ရာစားဘဝက တိရစ္ဆာန်။ သေသွား ငရဲ။ ငရဲနဲ့ တိရစ္ဆာန် ရက်ကန်းရှယ်သလိုလို့ ဆရာတော် သမားတော်တွေ မဟောလား။ ဘယ်လောက် များ ကြောက်စရာ ကောင်းသလဲနော်။ အဲလို စိစစ်ဖို့ မကောင်းလားဟေ့။ သီလတန်ခိုးကြောင့် တိရစ္ဆာန် ဖြစ်ပြီးမှ လူ့ အဖြစ်ကို ပြန်ရတာ ဘယ်လောက်များ အားရစရာကောင်းသလဲ ကြားလား။ အဲလို စိစစ်ဖို့ မကောင်းလား။ သိမှ ပယ်နိုင်တာ မသိ ပယ်နိုင်ပါ့မလား။ သိအောင် ကြိုးစား။

ကြက်သား ဝက်သား။(နာမ် ရုပ်ဖွဲ့+သစ္စာဖွဲ့)

ဒါ နှလုံးသွင်း မှန်ဖို့ လိုတယ်။ မှားတာလည်း သိဖို့ မှန်တာလည်း သိဖို့ ။သစ္စာဖွဲ့တဲ့ အထဲမှာ မှားတာကား မပါလား။ သမုဒယ ။ သစ္စာလေးပါးကို သစ္စာဖွဲ့တဲ့အခါ မှားတာ ပါတယ်နော်။ မှန်တာလည်း ပါတယ်နော်။ မှားမှန်း သိဖို့ မှန်မှန်း သိဖို့ လိုတယ်။ အဖြေက ပါနေပြီးပြီ ကြားလား။ ကဲ မိမိက အရပ်သုံး အနေနဲ့ ဝက်သား ကြက်သား စားကြည့်လိုက်။ အချက်အပြုတ်ကောင်းကောင်း နှင့် စားကြည့်တာ မြို့ပြီးတော့ ဖိမ်ခံပြီး စားကြည့်တော့ ကောင်းတယ် ကောင်းတယ် မခံစားဘူးလား။ ကဲ အဲဒီ ခံစားတဲ့ အခါ ကြက်သား တွေ့သလား။ ဆိမ့်တဲ့ ရသာလား။ ဝက်သား တွေ့သလား။ ဆိမ့်တဲ့

27.5.2005,(7:00pm)16

ရသာလား။ စားတုန်းက ကြက်သား ဝက်သား စားတာကွဲ့။ တွေ့တာက ကြက်သား ဝက်သားလား။ ဆိမ့်တဲ့ ရသာလား။ ဆိမ့်တဲ့ ရသာကို မျက်စိနဲ့ ကြည့် မြင်ရပါမလား။ လက်နဲ့ ကိုင်စမ်းကြည့် တွေ့ပါမလား။ နမ်းကြည့်ရင်ကား တွေ့ပါမလား။ လျှာနဲ့ကျတော့ မသိနိုင်ဘူးလား။ စဉ်းစားနော်။ အဲလို စိစစ်ဖို့ မကောင်းလား။ လေ့လာကြ။ အဲတော့ ဆိမ့်ရသာ စားသိစိတ်က ဇိဝှါဝိညာဏ် နာမ် တရား မရလား။ ဆိမ့်ရသာက ရုပ်တရားမရလား။ နာမ် ရုပ် နှစ်ပါး။ ကြက်သားလား နာမ် ရုပ်။ ဝက်သားလား နာမ် ရုပ်။ နာမ် ရုပ်ပဲ တွေ့တယ်နော်။ အဲလို စိစစ်ဖို့ မကောင်းလားဟေ့။

ဘယ်ပေါ်မှာ နလုံးသွင်း မှားတာလဲလို့ စိစစ်ဖို့ မကောင်းလား။ ဆိမ့် ဆိုတဲ့ ရူပက္ခန္ဓာ ရသာဓာတ် တရားပေါ်မှာ ကြက်သား ဝက်သား အနေနှင့် စားချင်မှု နှစ်သက်မှု စွဲလန်းမှုက လောဘတဏှာ သမုဒယသစ္စာ။ နလုံးသွင်း မှန်တာလား မှားတာလား။ လောဘတဏှာ သမုဒယသစ္စာ အကြောင်း ရှိရင် အကျိုး ခန္ဓာ မရဘူးလား။ ခန္ဓာ ရတဲ့ ပုဂ္ဂိုလ် အိုနာသေ လွတ်ကဲ့လား။ ဘာသစ္စာလဲ။ ဒါ သမုဒယ ဒုက္ခလို့ မပြောဘူးလား။ ဒါ နလုံးသွင်းမှားတာ သိပြီနော်။ အဲဒါ အမှား အမှန် သိဖို့။ အမှား သိတော့ အမှန် မရောက်ဘူးလား။ အမှန်သိတော့ အမှား မပျောက်ဘူးလား။ ဆိမ့်ရသာ ရူပက္ခန္ဓာတရား ၏ ဖြစ်ခြင်း ပျက်ခြင်းက ဒုက္ခသစ္စာ။ ဒုက္ခသစ္စာ လို့ ပိုင်းခြားသိတာ သမ္မာဒိဋ္ဌိ မဂ္ဂသစ္စာ။ သမုဒယသစ္စာ သေတာနှင့် နောက်ခန္ဓာ မလာတာ နိရောဓသစ္စာ။ ကဲ သစ္စာလေးပါး တစ်စုံ။ ပယ်သစ္စာက သမုဒယ ဒုက္ခ။ လက်ခံ သိမ်းပိုက်ရမှာ မဂ္ဂ နိရောဓလို့ မပြောလား။

အဲဒီ သစ္စာလေးပါး သိမှ သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန်း ကိစ္စ ပြီးမယ် ကြားလား။ သစ္စာလေးပါး သိဖို့ လိုတယ်။ ခန္ဓာ သိဖို့ လိုတယ်။ ပဋိစ္စသမုပ္ပါဒ် ကြောင်းကျိုး သိဖို့ လိုတယ်။ အဲလို လေ့လာဖို့ မကောင်းလား။ ထိထိမိမိ လေ့လာကြ။ ဒါတော့ လူစွဲ ဒိဋ္ဌိ ပြုတ်ဖို့ အရေးကြီးတယ်နော်။ ဒါကြောင့် ပုဂ္ဂိုလ် သတ္တဝါ ထင်မြင်လာ မှတ်ပါ ဒိဋ္ဌိငါ။ စဉ်းစားဖို့ မကောင်းလား။ သောတာပန် သကဒါဂါမ် ပုဂ္ဂိုလ် ဒိဋ္ဌိငါ သာ ဖြုတ်နိုင်တာနော်။ တဏှာငါ မာနငါ မဖြုတ်နိုင်သေးဘူး။ မဖြုတ်နိုင်လို့ အိမ်ထောင်ပြုတာ မထင်ရှားလား။ အနာထပိဏ် သူဌေးတို့ ဗိမ္ဗိသာရမင်းကြီးတို့ သိကြားမင်းတို့ ဝိသာခါတို့ စဉ်းစားဖို့ မကောင်းလား။ အဲ တဏှာငါ မပြုတ်သေးဘူးကွဲ့။ မာနငါ မပြုတ်သေးဘူး။ ဒိဋ္ဌိငါ ပြုတ်သေးတာ။ ဒိဋ္ဌိ ပြုတ်ဖို့ အရေးကြီးတယ်နော်။ အဲဒါ လိုရင်း အချက်တွေ ။ စိစစ်ဖို့ မကောင်း လား။ ထိထိမိမိ အဲဒါ သဘောပေါက်ဖို့ လိုတယ်။

<u>နံ့သာပု ငှက်ပျောသီး။</u>

ကဲ ရေးထက်ကျော်ကာရီက ဗမာပြည်မှာ သကြံန်ကျတဲ့အခါ အဖျော်ရည်တွေ တိုက်ကြတယ်။ နံ့သာပု ရည် တိုက်တာ များတယ်။ နံ့သာပု ငှက်ပျောသီး က နာမည်ကြီးပေ့ါ။ ပုပ္ပါးက အားကြီး ထွက်

တယ်။ ကဲ နံ့သာပု ငှက်ပျော သီး ပင်ထက်မှည့် အဲဒါ စားကြည့်လိုက်။ နံ့သာပု ငှက်ပျောသီး ပင်ထက်မှည့် စားကြည့်လိုက်တာ။ တွေ့တာ ဘယ်လို တွေ့မလဲ။ ငှက်ပျောသီး တွေ့တာလား ချိုတာ တွေ့တာလား။ ချိုတာကို မျက်စိနဲ့ ကြည့် မြင်ရပါမလား။ မမြင်ရဘူးနော်။ လက်နဲ့ ကိုင်စမ်း ကြည့်ကား တွေ့ပါမလား။ နမ်းကြည့်ကား တွေ့ပါမလား။ လျှာနဲ့ ကျတော့ မသိနိုင်ဘူးလား။ သဘော အနေနဲ့ မထင်ရှားဘူးလား။ အဲလို စိစစ်ဖို့ မကောင်းလား။ အဲဒီ ချိုရသာကို စားသိစိတ် လေးက ဇိဝှါဝိညာဏ် နာမ်တရား မရလား။ လျှာအကြည်နှင့် ချိုရသာက ရုပ်တရား မရလား။ နာမ် ရုပ် နှစ်ပါး။ ငှက်ပျောသီးလား နာမ်နှင့်ရုပ်။ နာမ် ရုပ်ပဲ တွေ့တယ်နော်။

အဲဒီ နာမ် ရုပ် တရား နှစ်ပါးအပေါ်မှာ ဥာနုပစာရ အားဖြင့် တင်စားပြီးတော့ သမ္မုတိသစ္စာ အနေနဲ့ နံ့သာပု ငှက်ပျောသီး လို့ မခေါ်ဘူးလား။ အဲဒါ ဘုရား ပယ်ရဲ့လား။ မပယ်ဘူး။ သမုတ်ရှိကိုးကွဲ့။ စဉ်းစားဖို့ မကောင်းလား။ ငှက်ပျောခိုင် ငှက်ပျောဖီးက လေးငါးဖီး ရှိတယ်။ ဝက်မလွတ်က တစ်မျိုး။ ဖီးကြမ်းက တစ်မျိုး။ ရခိုင် ငှက်ပျောက တစ်မျိုး။ နံ့သာပု ငှက်ပျောသီး ယူခဲ့ ဆိုတော့ ဟော နာမည်တပ်တော့ ယူခဲ့ရတယ်။ ငှက်ပျောသီး ယူခဲ့ ဆိုတော့ ဘယ်ဟာ ယူခဲ့ရမယ်လို့ မသိဘူး။ ကြားလား။ နံ့သာပု ငှက်ပျောသီးလို့ မပြောရဘူးလား။ ကဲ သမ္မုတိသစ္စာ အနေနဲ့ မမှန်ဘူးလား။ မှန်တယ်။ သမုတ် ရုံ မှန်တယ်နော်။

အခု တွေ့နေတာက နံ့သာပု ငှက်ပျောသီးလား နာမ်နှင့်ရုပ်။ နာမ် ရုပ်ပဲ တွေ့တယ်နော်။ ကဲ နံ့သာပု ငှက်ပျောသီး မတွေ့တာ ရှိလို့လား မရှိလို့လား။ မရှိရင် ဘယ်လို စွဲမလဲ။ စွဲစရာ လိုသေးရဲ့လား။ အဲဒီ နာမ် ရုပ် ပေါ်မှာ နံ့သာပု ငှက်ပျောသီးလို့တော့ မခေါ်ရဘူးလား။ အဲဒါ ခေါ်တာ ပယ်ရဲ့လား။ သမ္မုတိသစ္စာ ကွဲ့။ သမုတ်ရှိ အခေါ်ရှိ။ မသမုတ်လည်း ရှိ သမုတ်လည်း ရှိက နာမ်နှင့်ရုပ်။ ကဲ ထင်တာက ငှက်ပျောသီး ။ ငှက်ပျောသီးလို့ မထင်ဘူးလား။ ရှိတယ်လို့ မယူလား။ တွေ့တာက ငှက်ပျောသီးလား နာမ်နှင့်ရုပ်။ ငှက်ပျောသီး မတွေ့တာ ရှိလို့လား မရှိလို့။ အဲဒါ ပယ်တယ်လို့ မပြောဘူးလား။ ခေါ်တာ ပြောတာ မပယ်ဘူးနော်။

<u>အမျိုးသမီး အမျိုးသား ဒိဋ္ဌိဖြုတ်။</u>

ကဲ အခု တရားနာ ပရိသတ်... လူတွေလို့ မခေါ်ရပေဘူးလား။ အမျိုးသမီး အမျိုးသားတွေလို့ မခေါ်ရဘူးလား။ ချစ်သမီး ချစ်သားတို့လို့ မခေါ်ရဘူးလား။ အဲဒါ ပယ်ရဲ့လား။ မပယ်ဘူးနော်။ ဘာတွေ ပယ်တာလဲ လို့ စိစစ်ဖို့ မကောင်းလား။ ကဲ အဲဒီအခါကျတော့ အမျိုးသမီး အမျိုးသားလေး ထင်ပြီးတော့မှ ဘုရားပေးတဲ့ ဉာဏ်လက်နဲ့ ကိုင်စမ်းကြည့် ဆံဖျားက ခြေဖျား အရောက် ကိုင်စမ်း ကြည့်။ အမျိုးသမီး အမျိုးသား တွေ့မလား မာတာ တွေ့မလား။ အမျိုးသမီး အမျိုးသား တွေ့မလား

www.thitsarparamisociety.com



ပျော့တာ တွေ့မလား။ မာတာ ပထဝီ ပျော့တာ ပထဝီ ။ မာတယ်ပျော့တယ် သိတာ သူငါလား ကာယဝိညာဏ်။ ကာယဝိညာဏ်က နာမ်တရား မရလား။ မာတာ ပျော့တာက ရုပ်တရား မရလား။ နာမ် ရုပ် နှစ်ပါး။ အမျိုးသမီး လား နာမ်နှင့်ရုပ်။ အမျိုးသား လား နာမ်နှင့်ရုပ်။ ကဲ နာမ် ရုပ်ပဲ တွေ့တယ်နော်။

အမျိုးသမီး အမျိုးသား မတွေ့တာ ရှိလို့လား မရှိလို့။ မရှိရင် ဘယ်လို စွဲမလဲ။ နာမ် ရုပ် အပေါ်မှာ ဃနပစာရ အားဖြင့် တင်စားပြီးတော့ အမျိုးသမီး အမျိုးသားလို့ တော့ မခေါ်ရဘူးလား။ သမုတ်ရှိ အခေါ်ရှိ ဘုရား မပယ်ဘူး။ ထင်တာနဲ့ အယူကို ပယ်တာ။ အမျိုးသမီး အမျိုးသားလို့ မထင်ဘူးလား။ ရှိတယ်လို့ မယူလား။ တွေ့တာက အမျိုးသမီး အမျိုးသား လား နာမ်နှင့်ရုပ်။ နာမ် ရုပ်က သက်သေ မခံလား။ ဒီလိုဆိုရင် အမျိုးသမီး အမျိုးသားလို့ စွဲစရာ လိုသေးရဲ့လား။ အဲဒါကို ပယ်တယ်လို့ ပြောတာ ။ ကြားလား။ အဲလို စိစစ်ဖို့ မကောင်းလား။ အဲဒါ လိုရင်း အချက်တွေနော်။ ကဲ ရုပ်တရားကြီး ကလည်း ဖောက်ပြန်ပြီးတော့ မပျက်လား။ နာမ်တရားကလည်း သိပြီးတော့ မပျက်လား။ အဲ ဒါကြောင့်မို့ မိမိက မာတယ် ပျော့တယ် ဆိုတာ သူလည်း ပညတ်။ ပညတ်က မလွတ်သေးဘူး။ သူက သဘာဝပညတ်။ စဉ်းစားဖို့ မကောင်းလား ။ အမျိုးသမီး အမျိုးသား မာတယ်ဆိုတာ သမ္မုတိပညတ်။ မာတာ ပျော့တာက သဘာဝပညတ်။ စင်စစ်ကတော့ မာတာလား ဖောက်ပြန်တာ။ ပျော့တာလား ဖောက်ပြန်တာ။ ရုပ္ပတီတိ ရုပံ ဖောက်ပြန်ပြီးတော့ မပျက်လား။ သိပြီးတော့ မပျက်လား။ ဖြစ်ပျက်လို့ မဟောလား။ ဘာသစ္စာလဲ။ ချမ်းသာတဲ့ တရားလား။ ဆင်းရဲတဲ့တရား။ ဆင်းရဲတယ်လို့ သိတာ သမ္မာဒိဋ္ဌိလို့ ဟော မဟော။ ဟောရင် မိစ္ဆာဒိဋ္ဌိ မချုပ်ဘူးလား။ ဒုက္ခသစ္စာ ပိုင်းခြားတဲ့ တချိန် စဉ်းစား နော်။ အဲလို ပိုင်းခြားလိုက်တဲ့ အခါကျတော့ အဝိဇ္ဇာကား မချုပ်ဘူးလား။ တဏှာကား လာသေးရဲ့လား။ ဥပါဒါန် လာသေးရဲ့လား။ အာသဝအနေနဲ့ ကာမာသဝနဲ့ ဘဝါသဝ ချုပ်တယ်။ စဉ်းစားဖို့ မကောင်းလား။ နာမ်ရုပ်ကို သိတုန်းက ဒိဋ္ဌာသဝနဲ့ အဝိဇ္ဇာသဝ ချုပ်တယ်နော်။ အနိစ္စလက္ခဏာ ဒုက္ခသစ္စာ၊ ဒုက္ခလက္ခဏာ ဒုက္ခသစ္စာ၊ အနတ္တလက္ခဏာ ဒုက္ခသစ္စာ ပိုင်းခြား သိတော့ သမ္မာဒိဋ္ဌိလို့ မဟောဘူးလား။ တဏှာ လာသေးရဲ့လား။ ဥပါဒါန် လာသေးရဲ့လား။ ကာမာသဝနဲ့ ဘဝါသဝ မချုပ်လား။ ရှေ့ပိုင်းက နာမ်ရုပ်ကို သိတော့ ဒိဋ္ဌာသဝနဲ့ အဝိဇ္ဇာသဝ မချုပ်လား။ အာသဝေါတရား လေးပါး မကုန်လား။ ကုန်ရင် သမုဒယသစ္စာ မသေလား။ နောက်ခန္ဓာ ဇာတ် မသိမ်းလား။ နိရောဓသစ္စာလို့ မဟောဘူးလား။

ကဲ ထိဆဲခန္ဓာက ဖြစ်ပျက် ဘာသစ္စာလဲ (ဒုက္ခသစ္စာပါဘုရား)။ သိတာက (မဂ္ဂသစ္စာပါဘုရား)။ သေတာက (သမုဒယသစ္စာ ပါဘုရား)။ နောက်ခန္ဓာ မလာတာက (နိရောဓသစ္စာ ပါဘုရား)။

27.5.2005,(7:00pm)19

ပဋိစ္စသမုပ္ပါဒ် အကြွက် ဘယ်နှစ်ကွက်ရှိ (လေးကွက်ပါဘုရား)။ တစ်ကွက်လျှင် ဘယ်နှစ်ပါး (ငါးပါးပါဘုရား)။ ငါးလေးလီ (နှစ်ဆယ်)။ ဤရှစ်သွယ်ကို (အလွယ်ကျက်မှတ်သိစေအပ်သည် သံသရာမှလွတ်ကြောင်းတည်း)။

(ကမ္မာယ အမျှဝေ။)

သာဓု..သာဓု..သာဓု...။

........................................................................................................................................

ဩဝါဒ ။.....။ အဲဒီ စာအုပ်ရှိတဲ့ ပုဂ္ဂိုလ်တွေ ခန္ဓာဖွဲ့ သစ္စာဖွဲ့ကို လေ့ကျင့်ကြ။